MYANMAR GARMENT MANUFACTURERS ASSOCIATION

# NEWSLETTER

## APRIL 2022, ISSUE





ပုသိမ်စက်မှုမြို့တော်သို့လေ့လာရေးခရီးစဉ် Pg - 2

"Seeing Executives setting for healthy workforce in Garment Sector" အလုပ်ရုံဆွေးနွေးပွဲ Pg - 3


"ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးတက်လာစေရန်နှင့် ဧရာဝတီတိုင်းဒေသကြီးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ဖော်ဆောင်လျက်ရှိသည့် (Pathein Industrial City) ပုသိမ်စက်မှုမြို့တော်သို့လေ့လာရေးခရီးစဉ်"











အလုပ်သမားဥပဒေအသိပညာပေးစက်ရုံတွင်းသင်တန်း Pg - 4

MGHRDC မှသင်တန်းသားများအား လုပ်ငန်းခွင်မဝင်မီ ကျန်းမာရေးစစ်ဆေးပေးခြင်း Pg - 5

Voluntary Labour Compliance Assessment စစ်ဆေးခြင်း Pg - 7

The Model Factory of Garment Industry လုပ်ငန်းအစီအစဉ် Pg - 8




# မာတိကာ

## Activity


ပုသိမ်စက်မှုမြို့တော်သို့ လေ့လာရေးခရီးစဉ် .................................................. ၂
" Seeing Executives setting for healthy workforce in Garment Sector " အလုပ်ရှုံဆွေးနွေးပွဲ .................. ၃
အလုပ်သမားဥပဒေအသိပညာပေး စက်ရုံတွင်းသင်တန်း .................................................. ၄
MGHRDC မှသင်တန်းသားများအား လုပ်ငန်းခွင်မဝင်မီ ကျန်းမာရေးစစ်ဆေးပေးခြင်း .................................. ၅


## News


Voluntary Labor Compliance Assessment စစ်ဆေးခြင်း .................................................. ၆
The Model Factory of Garment Industry လုပ်ငန်းစဉ် .................................................. ၈
ကိုဗစ် - ၁၉ ရောဂါအကြောင်းသိကောင်းစရာ ပိုစတာများ .................................................. ၉


## Upcoming Activity

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Income Management Training | May 7 and 8 | MGHRDC |
| 2. | Practical Application of HR Management in Apparel Industry | May 18 to 20 | MGHRDC |
| 3. | Labour Law Awareness and WCC Training | May 24 to 27 | Pathein |

## Membership Update


New Members in April 2022 .................................................. ၁၀
Membership update as of April 2022 .................................................. ၁၀

# ACTIVITY

## ပုသိမ်စက်မှုမြို့တော်သို့လေ့လာရေးခရီးစဉ်



ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးတက်လာစေရန်နှင့် ဧရာဝတီတိုင်းဒေသကြီးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဖော်ဆောင်လျက်ရှိသည့် (Pathein Industrial City) ပုသိမ်စက်မှုမြို့တော်သို့လေ့လာရေးခရီးစဉ် ကို ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်များနှင့်အတူ KOGAM ၏ Communication In-Charge, Mr.Justin Jeon မှလိုက်ပါလေ့လာခဲ့ကြသည်။



*Study Tour to PIC*



*Study Tour to PIC*




*CEC/ECs Group Photo*

# “ Seeing Executives setting for healthy workforce in Garment Sector ”

# အလုပ်ရုံဆွေးနွေးပွဲ

UNICEF Myanmar ၏ပံ့ပိုးမှုဖြင့် MGMA မှ ကြီးမှူးပြုလုပ်သော “Seeing Executives setting for healthy workforce in Garment Sector” အလုပ်ရုံဆွေးနွေးပွဲကို ဧပြီလ ၁ ရက် နှင့် ၂ ရက်နေ့တွင် ငွေဆောင်ကမ်းခြေ ရှိ RIA Resort ၌ ၂ ရက်တာပြုလုပ်ခဲ့သည်။



Disscusion about activities

အလုပ်ရုံဆွေးနွေးပွဲ အဖွင့်အမှာစကားကို MGMA ၏ ဒုဥက္ကဋ္ဌ ဒေါက်တာအောင်ဝင်းမှပြောကြားခဲ့ပြီး MGMA ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှ အလုပ်ရုံဆွေးနွေးပွဲ၏ရည်ရွယ်ချက်ကိုအကျဉ်းချုပ်ရှင်းလင်းတင်ပြခဲ့သည်။ CDEC Consultancy Service မှ နည်းပြ ဒေါ်ကေသီမှ ယခုလက်ရှိ MGMA ၏ Mission, Vision & Strategic Objectives တို့နှင့်ဖွဲ့စည်းပုံဖြင့်ချိတ်ဆက်နေမှုများ၊ ကျန်းမာ၍အာဟာရပြည့်ဝသော အလုပ်သမားထုဖြင့် စက်ရုံထုတ်လုပ်မှုအားကောင်းအောင်အတူတကွဖော်ဆောင်ရန်အစီအစဉ်များ၊ UNICEF Myanmar ၏စီမံကိန်းလှုပ်ရှားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်အမှုဆောင်များမှအစုအဖွဲ့များဖြင့် တက်ကြွစွာပါဝင်ဆွေးနွေးခဲ့ကြပြီး Action plan များဖြင့် ရှေ့လုပ်ငန်းစဉ်များကိုရေးဆွဲခဲ့ကြသည်။ ထို့နောက် MGMA ၏ ဘဏ္ဍာရေးမှူး ဒေါ်ငွေငွေအေးမှ closing remarks နှင့် နှုတ်ဆက်စကားပြောကြားခဲ့ပြီး သင်တန်းသို့ MGMA ၏ အလုပ်အမှုဆောင်နှင့် အသင်းဝင်များ၊ ဝန်ထမ်းများ (၂၂) ယောက် တက်ရောက်ခဲ့ကြသည်။



Group Work




CEC/ECs Group Photo



Drawing Up Action Plan



*Participants Group Photo*

# အလုပ်သမားဥပဒေ အသိပညာပေး စက်ရုံတွင်းသင်တန်း




*U Min Soe Han presenting Labour Law awareness*




*Project Manager of MGMA explaining Project's objectives*

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး UNICEF Myanmar ၏ပံ့ပိုးကူညီမှုဖြင့် အလုပ်သမားဥပဒေအသိပညာပေး စက်ရုံတွင်းသင်တန်း (Labour Law Awareness In-Factory Training) ကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်က Honey Garments Industry Limited ၌ပြုလုပ်ခဲ့သည်။ သင်တန်းကို စက်မှုလုပ်ငန်းများပိုမိုတိုးတက်ကာ အထည်ချုပ်လုပ်သားများအတွက် ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်များဖန်တီးနိုင်စေရေးအတွက် လိုအပ်သော Soft Skills များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ ပထမဦးစွာ MGMA ၏ Project Manager နန်းဖြိုးပြည့်ဇင်မှ သင်တန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Employment, Work Hours, Payment of Wages, Employment Termination, Leave Holiday, Workplace Coordination Committee (WCC), Settlement of Labour Dispute များကို အမေးအဖြေကဏ္ဍများဖြင့် သင်ကြားပေးခဲ့သည်။ အထည်ချုပ်စက်ရုံ လုပ်သားများအတွက်လိုအပ်သော Soft Skills များတွင် အလုပ်သမားဥပဒေအသိပညာပေးခြင်းသည်တစ်ခုအပါအဝင်ဖြစ်ပြီး သင်တန်းသို့ WCC ၏စီမံခန့်ခွဲရေးဌာနမှ ဝန်ထမ်းများနှင့် Honey Garments Industry Limited မှဝန်ထမ်းများ စုစုပေါင်း (၂၁) ယောက်တက်ရောက်ခဲ့သည်။

# MGHRDC မှသင်တန်းသားများအား လုပ်ငန်းခွင်မဝင်မီကျန်းမာရေးစစ်ဆေးပေးခြင်း



MEDICAL CHECK UP BY DOCTOR

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) မှသင်တန်းသားများအား လုပ်ငန်းခွင်မဝင်မီ ကျန်းမာရေးစစ်ဆေးပေးခြင်းကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက် က UNICEF Myanmar ၏ပံ့ပိုးကူညီမှုဖြင့် MGHRDC ၌ပြုလုပ်ခဲ့သည်။ သင်တန်းသားများကိုသက်ဆိုင်ရာဆရာဝန်မှတီဘီရောဂါစစ်ဆေးပေးခြင်း၊ဆီးချိုရှိမရှိသွေးဖောက်စစ်ဆေးခြင်း၊ကိုယ်အလေးချိန်တိုင်းခြင်းနှင့်အခြားလိုအပ်သောကျန်းမာရေးဆိုင်ရာစစ်ဆေးခြင်းများ၊ ဆေးဝါးများပေးအပ်ခြင်းတို့ကိုပြုလုပ်ပေးခဲ့သည်။

သင်တန်းသား (၂၉) ယောက်ကို ဆေးစစ်ခြင်းများပြုလုပ်ပေးခဲ့ပြီး ယခုလိုဆေးစစ်ပေးခြင်းသည် အထည်ချုပ်စက်ရုံများတွင် ကျန်းမာ၍အာဟာရပြည့်ဝသောအလုပ်သမားထုဖြင့် စက်ရုံထုတ်လုပ်မှုအားကောင်းစေရန်ရည်ရွယ်ကာ ပြုလုပ်ခြင်းဖြစ်သည်။



TB Test





WEIGHT MEASUREMENT



BLOOD TEST FOR DIABETES




## Voluntary Labor Compliance Assessment စစ်ဆေးခြင်း

**VLCA သည် အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာကိုယ့်ကိုယ်ကိုအကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။**

*Eslite Garment Co.,Ltd*

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labor Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် အသင်းဝင်စက်ရုံ ၃ ရုံကို သွားရောက် အကဲဖြတ် စစ်ဆေးခဲ့သည်။


အဆိုပါ စက်ရုံ ၃ ရုံမှာ Mingalardone Industrial Park ရှိ Myanmar Postarion (I) Co.,Ltd, ရွှေလင်ဗန်းစက်မှုဇုန်ရှိ Sen Ma Te (Myanmar) Apparel Co.,Ltd နှင့် Eslite Garment Co.,Ltd တို့ဖြစ်သည်။ Myanmar Postrarion (I) Co.,Ltd သို့ ဧပြီလ ၂၂ ရက်တွင်လည်းကောင်း၊ Sen Ma Te (Myanmar) Apparel Co.,Ltd သို့ ဧပြီလ ၂၆ ရက်တွင်လည်းကောင်း၊ Eslite Garment Co.,Ltd သို့ ဧပြီလ ၂၉ ရက်တွင်လည်းကောင်းသွားရောက်စစ်ဆေးခဲ့သည်။ MGMA ၏ Labour Officer မှ VLCA အစီအစဉ်တွင် အကျုံးဝင်သည့်စာရွက်စာတမ်း အားလုံးနှင့်ကိုက်ညီမှုရှိ၊ မရှိကို စက်ရုံများသို့သွားရောက်စစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်တွင် တရားဝင်ကြေညာခဲ့သည်။



*Eslite Garment Co.,Ltd*



*Myanmar Postarion (I) Co.,Ltd*



*Myanmar Postarion (I) Co.,Ltd*



*Sen Ma Te (Myanmar) Apparel Co.,Ltd*



*Sen Ma Te (Myanmar) Apparel Co.,Ltd*

# The Model Factory of Garment Industry လုပ်ငန်းအစီအစဉ်

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ LIFT Donors ၏ပံ့ပိုးကူညီမှုဖြင့် Pilot Project အနေဖြင့် Kyarr Lay Apparel Co.,Ltd အားရွေးချယ်ကာ အထည်ချုပ်ကဏ္ဍ စံပြစက်ရုံတစ်ရုံအဖြစ် အဆင့်မြှင့်တင်ပေး လျက်ရှိသည်။




စက်ရုံလုပ်သားများ၏နေထိုင်မှုပုံစံများကိုအဆင့်မြှင့်တင်ပေးနိုင်ရန်အတွက်နေ့စဉ်အသုံးပြုလျက်ရှိသောသန့်စင်ခန်းများကို ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ အမျိုးသမီးသန့်စင်ခန်းများကို ယခင်ကထက်ပိုမိုကောင်းမွန်အောင်ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။ ထို့သို့ အဆင့်မြှင့်တင်ပေးခြင်းသည် အထည်ချုပ်လုပ်ငန်းကဏ္ဍစံပြစက်ရုံတစ်ရုံဖြစ်လာစေရန်အဆင့်မြှင့်တင်ပေးသော The Model Factory of Garment Industry လုပ်ငန်းအစီအစဉ်၏ လုပ်ငန်းအစိတ်အပိုင်းတစ်ခုဖြစ်သည်။






# ကိုဗစ် - ၁၉ အကြောင်းသိကောင်းစရာ ပိုစတာများ






## ~ Upcoming Activity ~

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | Income Management Training | May 7 and 8 | MGHRDC |
| 2. | Practical Application of HR Management in Apparel Industry | May 18 to 20 | MGHRDC |
| 3. | Labour Law Awareness and WCC Training | May 24 to 27 | Pathein |

## ~ Membership Update ~

### New Members in April 2022

| Country | No. of New Member Factories |
|---|---|
| China | 2 |
| **Total** | **2** |

### Membership Update as of April 2022

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 67 |
| | China | 275 |
| | Korea | 57 |
| | Japan | 17 |
| | Others | 22 |
| | Joint Venture | 26 |
| | Local, Sub-Con, Marketing, Inspection ,Textile | 42 |
| **Total (Active)** | | **506** |
| **Grand Total** | | **761** |